
မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၅

အောက်တိုဘာ ၂၀၂၅

## ယန္တရားအကြီးအကဲ၏အမှာစာ



မြန်မာပြည်သူလူထုအပေါ် ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်မှုများအကြောင်း သတင်းပေးပို့ချက်အသစ်များကို ယန္တရားသည် နေ့စဉ်နီးပါး စုဆောင်းလျက်ရှိသည်။ ယင်းရာဇဝတ်မှုကျူးလွန်သူများသည် ၎င်းတို့အား တရားစီရင်မှုမလုပ်နိုင်ဟု ယုံကြည်နေကြောင်း ထင်ရှားသည်။ ၎င်းတို့၏ယုံကြည်မှုသည် မှားယွင်းကြောင်း သက်သေပြနိုင်ရန်အတွက် ယန္တရားက ကြိုးပမ်းလျက်ရှိသည်။

ယန္တရား၏ **နှစ်ပတ်လည်အစီရင်ခံစာ**နှင့် ယခင်လက **လူ့အခွင့်အရေးကောင်စီ**သို့ တင်သွင်းချက်တွင်အသေး စိတ်ဖော်ပြထားသည့်အတိုင်း ယင်းရာဇဝတ်မှုကျူးလွန်သူများကို ဖော်ထုတ်ရာတွင် ယန္တရားသည် တိုးတက်မှုများရရှိ နေသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ အကျဉ်းစခန်းများအတွင်း၌ စနစ်တကျ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခဲ့သူများနှင့် ဖမ်းဆီးခံထားရသော တိုက်ခိုက်ရေးသမားများ သို့မဟုတ် သတင်းပေးဟု စွပ်စွဲခံထားရသော အရပ်သားများအား အကျဉ်းချုံး စီရင်ကွပ်မျက်ခဲ့သူများကို အထူးပြုစုံစမ်းခဲ့သည်။ တစ်နိုင်ငံလုံးရှိ အရပ်သားများကို အကြောက်တရားကြီးစိုးစေသည့် တိုက်ခိုက်မှုများဖြစ်သော စာသင်ကျောင်းများ၊ ဘာသာရေးနေရာများ၊ ဆေးရုံများနှင့် နေအိမ်များကို ပစ်မှတ်ထားဆဲဖြစ်သည့် လေကြောင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ရန်အတွက် မြန်မာ့လေတပ်၏ ဖွဲ့စည်းပုံကို စိစစ်သုံးသပ်လျက်ရှိသည်။

ထို့အပြင် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများ၏ မြေယာနှင့်အိုးအိမ်များ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်းမှ အကျိုးအမြတ်ရရှိခဲ့သူများကို ဖော်ထုတ်ရာတွင်လည်း တိုးတက်မှုများရရှိခဲ့သည်။ ယခင်လက ထုတ်ပြန်ခဲ့သည့် **အစီရင်ခံစာ**တွင် ယန္တရား၏ ဘဏ္ဍာရေးစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖျက်ဆီးခံခဲ့ရသော ရိုဟင်ဂျာများ၏ အိမ်၊ လယ်ယာ၊ ဗလီနှင့် အခြားပိုင်ဆိုင်မှုများနေရာ၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ အခြေစိုက်စခန်းများ တည်ဆောက်ခြင်းတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် အခြားပါဝင်သူများကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းစိစစ်သုံးသပ်ချက်များကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးအတွက် ပြုစုထားခြင်းဖြစ်သောကြောင့် လျှို့ဝှက်စွာထားရှိသော်လည်း၊ ရင်းမြစ်များ သို့မဟုတ် သက်သေများကို အန္တရာယ်မဖြစ်စေသည့် အချက်အလက်များရှိပါက အများပြည်သူအကျိုးအတွက် မျှဝေသွားမည်။


ဤအစီရင်ခံစာကို ထုတ်ပြန်ရန်နှင့် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူဆလင်များနှင့် အခြား လူနည်းစုများအခြေအနေဆိုင်ရာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ ယခင်လက ကျွန်ုပ် ရောက်ရှိခဲ့သည်။ ရခိုင်ပြည်နယ်ရှိ မတရားအကြမ်းဖက်မှုများ ရပ်တန့်ပြီး ရိုဟင်ဂျာများအား ပြစ်မှုကျူးလွန်ခဲ့သူများကို တရားစီရင်မှုရှိမှသာ ရိုဟင်ဂျာဒုက္ခသည်များ ဂုဏ်သိက္ခာရှိရှိ၊ ဘေးကင်းလုံခြုံပြီး ရေရှည်ငြိမ်းချမ်းစွာ မြန်မာနိုင်ငံသို့ နေရပ်ပြန်နိုင်မည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာများသည် ပျက်စီးဆုံးရှုံးခဲ့ရသော ၎င်းတို့၏ နေအိမ်များ၊ အသက်မွေးဝမ်းကြောင်းမှုများနှင့် လူမှုအသိုင်းအဝိုင်းများကို ပြန်လည်တည်ဆောက်ရန် ကုစားပေးမှုများ သို့မဟုတ် အကူအညီများ လိုအပ်ပါမည်။ ယန္တရား၏ လုပ်ဆောင်ချက်များသည် ရိုဟင်ဂျာများ တနေ့အိမ်ပြန်နိုင်ရန်အတွက် လိုအပ်သောအခြေအနေများ ဖန်တီးရာတွင် အထောက်အကူပြုလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

လွန်ခဲ့သည့်နှစ်အတွင်းရရှိခဲ့သည့် တိုးတက်မှုများကို ယန္တရားဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ကျွမ်းကျင်မှုများမရှိဘဲ မဆောင်ရွက်နိုင်ပါ။ သို့သော်လည်း UN80 လှုပ်ရှားမှုနှင့် ကုလသမဂ္ဂက ရင်ဆိုင်နေရသော ငွေကြေးအခက်အခဲများ၊ အလှူရှင်များမှ စေတနာအလျောက်ထည့်ဝင်သည့် ရန်ပုံငွေလျော့နည်းလာမှုများကြောင့်၊ ယန္တရားသည် ဝန်ထမ်းအင်အား သုံးပုံတစ်ပုံကျော်ကို ဆုံးရှုံးနိုင်ခြေရှိနေပြီး တချို့လုပ်ငန်းများတွင် အဖွဲ့တစ်ဖွဲ့လုံးကို လက်လွှတ်ရဖွယ်ရှိနေသည်။ ယန္တရားအနေဖြင့် ယခုနှစ်ကုန်ပြီးနောက် ပွင့်လင်းရင်းမြစ် အထူးပြုကျွမ်းကျင်ဝန်ထမ်းများကို ဆက်လက်ခန့်ထားရန် ဘဏ္ဍာငွေ မရှိသေးပါ။ ၎င်းတို့သည် အများပြည်သူအတွက် ထုတ်ပြန်ထားသောအချက်အလက်များကို မှုခင်းပညာဆိုင်ရာနည်းလမ်းများအသုံးပြု၍ အတည်ပြုသုံးသပ်ကာ တန်ဖိုးရှိသည့် အထောက်အထားများဖြစ်ကြောင်း သက်သေပြနိုင်သူများ ဖြစ်ကြသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို အထူးပြု စုံစမ်းစစ်ဆေးသော ကျွမ်းကျင်ပညာရှင်အချို့ကို ဆက်လက်ခန့်ထားရန်အတွက်လည်း ဘဏ္ဍာငွေထောက်ပံ့မှုမရှိသေးပါ။

ဤသို့အလွန်ခက်ခဲသည့်ကာလကို ဖြတ်သန်းနေရသော်လည်း မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်နေမှုကို အဆုံးသတ်ရန်နှင့် အဓိကတာဝန်ရှိသူများအား အရေးယူနိုင်ရေးကို ပံ့ပိုးရန် ကျွန်ုပ်တို့ ဆက်လက်အားထုတ်ပါမည်။ ရာဇဝတ်မှုကျူးလွန်သူများသည် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ဆက်စပ်သည့်အထောက်အထားများကို ယန္တရားက စုဆောင်းနေသည်ကို သတိပြုနေသင့်သည်။ အဆိုပါရာဇဝတ်မှုများကို တရားစွဲဆိုလိုသည့် ဆန္ဒရှိပြီး၊ တရားစွဲဆိုနိုင်သည့် နိုင်ငံတကာနှင့် နိုင်ငံတွင်း တရားရေးအာဏာပိုင်များထံ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေရန် ကျွန်ုပ်တို့အသင့်ရှိပါသည်။

**နီကိုလတ်စ်ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာနောက်ဆုံးသတင်း




မြန်မာနိုင်ငံတွင်ကျူးလွန်နေသည့် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများ အကြိမ်ရေပိုတိုးကာ ဖြစ်ပွားနေပြီး မြန်မာပြည်သူလူထု ရင်ဆိုင်နေရသည့် ဆင်းရဲဒုက္ခမှာလည်း ပိုဆိုးလျက်ရှိသည်။ ယန္တရား၏ သတ္တမမြောက် **နှစ်ပတ်လည်အစီရင်ခံစာ**တွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်သည် ၎င်းတို့အား နိုင်ငံရေးအရ ဆန့်ကျင်သည်ဟု ထင်မြင်သူ ထောင်ပေါင်းများစွာကို အခြေခံတရားစီရင်မှု လုပ်ထုံးလုပ်နည်းများ မလိုက်နာဘဲ ဖမ်းဆီးနေသည်ဆိုသည့် အထောက်အထားများကို ယန္တရားက စုဆောင်းထားသည်။ ထို့အပြင် ဖမ်းဆီးခံထားရသူများကို ရိုက်နှက်ခြင်း၊ အုပ်စုလိုက် မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ကာ စနစ်တကျ နှိပ်စက်ညှဉ်းပန်းသူများကိုလည်း ယန္တရားသည် ဖော်ထုတ်နေသည်။

အနီးအနားတွင် စစ်ရေးအရ ထင်ရှားသောပစ်မှတ်မရှိဘဲ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးဆိုင်ရာနေရာများအား လေကြောင်းမှတိုက်ခိုက်မှုများကို စုံစမ်းစစ်ဆေးရန် ယန္တရားက ပိုမိုအရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင်၊ မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့က ကျူးလွန်သည်ဟု စွပ်စွဲခံရသော အလွန်ကြီးလေးသည့် ရာဇဝတ်မှုများအတွက်လည်း စုံစမ်းစစ်ဆေးမှုအသစ်များ စတင်ခဲ့သည်။ ထိုစွပ်စွဲချက်များတွင် အရပ်သားများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်း၊ သတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဟန့်တားခြင်းစသည့် ဖြစ်ရပ်များ ပါဝင်သည်။

ယနေ့အထိ ယန္တရားသည် မျက်မြင်သက်သေပေါင်း ၆၀၀ ကျော်တို့၏ ထွက်ဆိုချက်များအပါအဝင် ရင်းမြစ်ပေါင်း ၁,၃၀၀ ကျော်မှ အထောက်အထားများကို စုဆောင်းခဲ့ပြီး စိစစ်သုံးသပ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လမှစတင်၍ နိုင်ငံတကာ တရားရုံး၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနား ဖက်ဒရယ်ရာဇဝတ်ခုံရုံး အမှတ် (၉) ထံသို့ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သော အထောက်အထားများအပေါင်း ၂၄,၀၀၀ ကျော်နှင့် ဆက်စပ် စိစစ်သုံးသပ်ချက်များကို မျှဝေပေးခဲ့သည်။ ထို့အပြင် ယန္တရားသည် ယူကေနှင့် အခြားတရားစီရင်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ၏ သီးသန့်အချက်အလက်တောင်းဆိုမှုများကိုလည်း တုံ့ပြန်ပေးလျက်ရှိသည်။ ယင်းတောင်းဆိုချက်များတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုဆိုင်ရာ အချက်အလက်များလည်း ပါဝင်သည်။

## လုပ်ငန်းဆိုင်ရာတိုးတက်မှုများ

**အောက်တိုဘာ ၂၀၂၅ အထိ**

**၆**
မျှဝေရေးမိတ်ဖက် ၆ ဖွဲ့နှင့် မျှဝေခဲ့သည်။

**၉၆**
ကူညီပံ့ပိုးရန်တောင်းဆိုမှု ၉၆ ခု ရရှိခဲ့သည်။

**၁၂၇**
အချက်အလက်ပေါင်း **၁.၂ သန်း**ပါဝင်သည့် စိစစ်သုံးသပ်ချက် ဖိုင်တွဲပေါင်း ၁၂၇ တွဲကို မျှဝေခဲ့သည်။

## စစ်အာဏာပိုင်များက စီစဉ်နေသော ရွေးကောက်ပွဲများ

လွတ်လပ်မှုနှင့် တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲ သို့မဟုတ် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည့် ရွေးကောက်ပွဲကို ကျင်းပခြင်းသည် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းရှိ ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုအဖြစ် မသတ်မှတ်နိုင်ပါ။ သို့ရာတွင်၊ လက်ရှိရွေးကောက်ပွဲကျင်းပမည့်အခြေအနေတွင် နိုင်ငံတကာရာဇဝတ်မှုများ ဖြစ်နိုင်ခြေ ပိုမိုမြင့်မားနေပြီး ရာဇဝတ်မှုများ ဖြစ်ပွားပါက ယင်းတို့နှင့်သက်ဆိုင်သော အထောက်အထားများကို စုဆောင်းရန် ယန္တရားက သတိထားစောင့်ကြည့်သွားမည်ဖြစ်သည်။ စစ်မက် ဥပဒေများတွင် ရွေးကောက်ပွဲတွင်ပါဝင်သူများ အပါအဝင် ပဋိပက္ခတွင် တိုက်ရိုက်မပါဝင်သော အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို တားမြစ်ထားသည်။ ဥပဒေမဲ့ သို့မဟုတ် ဥပဒေလုပ်ထုံးလုပ်နည်းများကို မလိုက်နာဘဲ လူအများဖမ်းဆီးခံရခြင်း၊ ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်သူများ သို့မဟုတ် မဲရေတွက်ရာတွင်ပါဝင်နေသူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အရပ်သားနေထိုင်ရာနေရာများကို လေကြောင်းမှတိုက်ခိုက်မှု မြင့်တက်လာခြင်းတို့နှင့် ပတ်သက်သည့် အထောက်အထားများကို ယန္တရားက စုဆောင်းသွားမည်။

# အဆင့်မြင့်ဆွေးနွေးပွဲများ

ယန္တရား၏အကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်သည် **အကြိမ် (၆၀) မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေး**တွင် ယန္တရား၏ သတ္တမမြောက် **နှစ်ပတ်လည်အစီရင်ခံစာ**ကို တင်သွင်းခဲ့ပြီး ဖမ်းဆီးထားစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုကျူးလွန်သူများကို ဖော်ထုတ်ရေး၊ ရခိုင်ပြည်နယ်အတွင်း ရာဇဝတ်မှုများ မြင့်တက်လာမှုနှင့် အရပ်သားများအား လေကြောင်းတိုက်ခိုက်မှုများကို စုံစမ်းစစ်ဆေးရေး၊ တရားစီရင်ပိုင်ခွင့်ရအာဏာပိုင်အဖြစ် အသစ်ပါဝင်လာသော ယူကေနိုင်ငံသို့ အထောက်အထားများမျှဝေရေးစသည့် တိုးတက်မှုများကို တင်ပြခဲ့သည်။ ဆွေးနွေးပွဲအတွင်းအဖွဲ့ဝင်နိုင်ငံများစွာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယန္တရားကို ထောက်ခံကြောင်း ထပ်မံအတည်ပြုခဲ့သည်။

နီကိုလတ်စ်ခွန်ဂျန်သည် ၂၀၂၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ အခမ်းအနားများကိုလည်း တက်ရောက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ကော့ဘဇားတွင် စီစဉ်ကျင်းပသည့် **ရိုဟင်ဂျာ အခြေအနေဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ဆွေးနွေးပွဲ** တွင် နီကိုလတ်စ်ခွန်ဂျန်က ရိုဟင်ဂျာများကို ကျူးလွန်သည့် ရာဇဝတ်မှုများရပ်တန့်ပြီး ကျူးလွန်သူများက တာဝန်ခံမှုမရှိပါက ရိုဟင်ဂျာများ မြန်မာနိုင်ငံသို့ ဘေးကင်းလုံခြုံပြီး ရေရှည်ငြိမ်းချမ်းစွာ နေရပ်ပြန်နိုင်ရန် မဖြစ်နိုင်ကြောင်း အလေးပေးပြောကြားခဲ့သည်။ နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ အခြေအနေဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲတွင် နီကိုလတ်စ်ခွန်ဂျန်သည် ၂၀၁၇ ခုနှစ် ရိုဟင်ဂျာများ၏ မြေယာနှင့် အိုးအိမ်များ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်းအကြောင်း တင်ပြထားသည့် ယန္တရား၏အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုဆွေးနွေးပွဲကို ဩစတြေးလျ၊ ဖင်လန်၊ ဥရောပသမဂ္ဂ၊ Legal Action Worldwide နှင့် Global Justice Center တို့၏ ပူးပေါင်းထောက်ပံ့မှုဖြင့် ကျင်းပခဲ့သည်။ ထို့အပြင် ဒိန်းမတ်၊ ဖင်လန်နှင့် မော်လ်တာနိုင်ငံတို့ ပူးပေါင်းကျင်းပသည့် **Women's Peace Network** အခမ်းအနားတွင် ပြန်လည်ကုစားမှုသည်အရေးပါကြောင်း အဓိကထားပြောကြားခဲ့သည်။

နီကိုလတ်စ်ခွန်ဂျန်သည် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တတိယကော်မတီ၌ မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ယန္တရား၏ တစ်နှစ်တာလုပ်ဆောင်ချက်များကို တင်ပြသွားမည်ဖြစ်သည်။




**ကော့ဘဇား၊ ဩဂုတ်လ ၂၅**– ရိုဟင်ဂျာဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဒိုင်ယာလော့



**နယူးယောက်၊ စက်တင်ဘာ ၂၉**– မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ အခြေအနေဆိုင်ရာ ကုလသမဂ္ဂအဆင့်မြင့် ညီလာခံအတွင်း ကျင်းပသည့် Women's Peace Network ၏ အစီအစဉ်

# စေတနာအလျောက် အလှူငွေထည့်ဝင်မှုများကို ဖိတ်ခေါ်ခြင်း

ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးသည့် ယန္တရား၏လုပ်ပိုင်ခွင့်အား အကောင်အထည်ဖော်နိုင်စွမ်းကို ဆိုးရွားစွာထိခိုက်စေမည့် ကြီးမားသည့် ရန်ပုံငွေပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ကုလသမဂ္ဂ၏ UN80 လှုပ်ရှားမှုအရ စတင်လုပ်ဆောင်ခဲ့သော ကုန်ကျစရိတ်လျှော့ချရေးဆောင်ရွက်မှုများအရ ကုလသမဂ္ဂ၏ ၂၀၂၆ ခုနှစ်ပုံမှန်ဘတ်ဂျက်ဖြင့် ခန့်အပ်ထားသည့် ယန္တရားဝန်ထမ်းများ၏ ၂၀ ရာခိုင်နှုန်းကို လျှော့ချရမည်ဖြစ်သည်။ ယင်းအခြေအနေသည် အဖွဲ့ဝင်နိုင်ငံအချို့မှ မကြာသေးမီက ကြေညာခဲ့သည့် ရန်ပုံငွေဖြတ်တောက်မှုများကြောင့် ပိုမိုဆိုးရွားလာသည်။ ဤအနေအထားများသည် ယန္တရား၏ စီမံကိန်းများစွာအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေသည်။

> ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ၊ လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများနှင့် ကလေးများကို ကျူးလွန်သည့် ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို ခန့်အပ်သည့် ရန်ပုံငွေများသည် ၂၀၂၅ ခုနှစ်ကုန်ပိုင်းတွင် ကုန်ဆုံးသွားမည်ဖြစ်သည်။ သက်သေများကာကွယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး စီမံကိန်းများ၊အထောက်အထားများ စိစစ်သုံးသပ်ရေးစီမံကိန်းများအတွက် ပင်မရန်ပုံငွေကို ထောက်ပံ့နေသည့် အလှူရှင်ကလည်း ၎င်း၏ထည့်ဝင်မှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

ယန္တရားသည် အလှူရှင်များထံမှရရှိခဲ့သော ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပြီး ဤအရေးပါသောလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေးကို ဆက်လက်ပံ့ပိုးကူညီရန် အဖွဲ့ဝင်နိုင်ငံများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများအား မည်မျှပင်နည်းပါးစေကာမူ စေတနာဆန္ဒအလျောက်ထောက်ပံ့မှုများ ထည့်ဝင်ပေးရန် တောင်းခံအပ်ပါသည်။

## ဉာဏ်ရည်တု (AI) နှင့် ဒစ်ဂျစ်တယ်နည်းပညာများ

ယန္တရားသည် စတင်တည်ထောင်သည့်အချိန်မှစ၍ တရားစွဲဆိုမှုများအတွက် အထောက်အထားများကို အလွယ်တကူ ရယူနိုင်ရန်၊ ရှာဖွေနိုင်ရန်နှင့် ယုံကြည်စိတ်ချစွာ ထိန်းသိမ်းနိုင်ရန် ဉာဏ်ရည်တု (AI)၊ အလိုအလျောက်စနစ်များနှင့် လုံခြုံရေးနည်းပညာအသစ်များ အသုံးချထားသည်။ ယန္တရား၌ အသုံးပြုသော နည်းပညာများသည် ကုလသမဂ္ဂအဖွဲ့အစည်းများအတွင်း အဆင့်အမြင့်ဆုံးနည်းပညာများအနက် တစ်ခုအဖြစ် ယူဆနိုင်သည်။

ယန္တရားသည် အထောက်အထားများ၏ မူခင်းပညာဆိုင်ရာ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အလိုအလျောက် လုပ်ဆောင်ခြင်းဖြင့် ပိုမိုထိရောက်ပြီး တိကျစွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ယန္တရားသည် စုံစမ်းစစ်ဆေးသူများအား ရာဇဝတ်မှုများကို သက်သေထူရန် လိုအပ်သောစိစစ်သုံးသပ်ချက်များ ပြုစုရန်အတွက် အချက်အလက်ပေါင်း (၂၈) သန်းကျော်မှ အထောက်အထားများကို စနစ်တကျ ထုတ်နုတ်မှတ်သားပြီး စီမံခန့်ခွဲပေးသော အမှုစိစစ်သုံးသပ်သည့်ပလက်ဖောင်း တစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။

ယန္တရားသည် ကွန်ပျူတာမြင်ကွင်းနည်းပညာအပါအဝင် ဉာဏ်ရည်တုစနစ်ကိုအသုံးပြု၍ ဓာတ်ပုံနှင့်ဗီဒီယို သန်းပေါင်းများစွာရှိ ထပ်တူပွားနေသည့် ဖိုင်များကို အလိုလျောက် ဖယ်ထုတ်သည်။ ယင်းကို လူကိုယ်တိုင်ပြုလုပ်ပါက သီတင်းပတ် သို့မဟုတ် လနှင့်ချီ ကြာမြင့်နိုင်သည်။ ထို့အပြင် ယန္တရားသည် ဖိုင်ပုံစံအမျိုးမျိုးဖြင့်ရရှိထားပြီး မတူညီသည့်စာရေးစနစ်ဖြင့် ရေးသားထားသည့် မြန်မာဘာသာစကားများကို အင်္ဂလိပ်ဘာသာသို့ ဉာဏ်ရည်တု အကူအညီဖြင့် ဘာသာပြန်ဆိုခြင်းကိုလည်း စမ်းသပ်လေ့လာလျက်ရှိသည်။

# လူထုဆက်ဆံရေးလုပ်ငန်း

## ယန္တရားအကြောင်းရှင်းပြခြင်း

ယန္တရား၏ လုပ်ပိုင်ခွင့်၊ လုပ်ငန်းလည်ပတ်ပုံနှင့် လုံခြုံစွာဆက်သွယ်ရန်နည်းလမ်းများကို ရှင်းလင်းတင်ပြထားသော သရုပ်ဖော်ဗီဒီယိုအသစ်ကို ဒေါင်းလုဒ်ရယူပြီး ကြည့်ရှုကာ၊ တဆင့်ပြန်လည်မျှဝေနိုင်ပါပြီ။ ဤဗီဒီယိုကို အင်္ဂလိပ်၊ မြန်မာနှင့် ရိုဟင်ဂျာဘာသာစကားများဖြင့် ကြည့်ရှုနိုင်ပါသည်။



## ပရိသတ်များ တိုးလာခြင်း

ယန္တရားသည် ဖေ့စ်ဘုတ်စာမျက်နှာမှတဆင့် မြန်မာပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံလျက် ရှိသည်။ အောက်တိုဘာလတွင် ယန္တရား၏ ဖေ့စ်ဘုတ်စာမျက်နှာ၌ မှတ်တိုင်အသစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီး ယန္တရား၏လုပ်ငန်းများကို အများပြည်သူ စိတ်ဝင်စားမှုတိုးလာကြောင်း ပြသနေသည်။

**Followers ၇၇,၀၀၀ ကျော်**

ယန္တရားသည် မကြာမီတွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုရရှိရေးကို စိတ်ဝင်စားသော ဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းထောက်များ၊ NGO များ၊ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် တရားဝင် LinkedIn စာမျက်နှာကို စတင် မိတ်ဆက်တော့မည်ဖြစ်သည်။

## အချက်အလက်တောင်းခံခြင်း

မေလနှင့် စက်တင်ဘာလများအတွင်း စာသင်ကျောင်းများကို ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်၊ ယန္တရားသည် ယင်းတိုက်ခိုက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်များရရှိရန် အများပြည်သူထံ တောင်းခံခဲ့သည်။ ထိုတိုက်ခိုက်မှုများ သို့မဟုတ် အခြားလေကြောင်းတိုက်ခိုက်မှုများအတွက် သက်သေများ၊ တိုက်ရိုက်အချက်အလက်ရှိသူများက ယန္တရားထံ လုံခြုံသောနည်းလမ်းဖြင့် အထောက်အထားများ ပေးပို့ရန် တိုက်တွန်းခဲ့သည်။



# မြေယာသိမ်းယူမှုဆိုင်ရာ အစီရင်ခံစာ ရေးသားသူများနှင့် အမေးအဖြေ

## အဓိကတွေ့ရှိချက်တွေက ဘာတွေလဲ။

**၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာများ၏ မြေယာနှင့် အိုးအိမ်များ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်း – အများပြည်သူဖတ်ရှုရန် အစီရင်ခံစာအကျဉ်းချုပ်**သည် တရားစီရင်ရေးအာဏာပိုင်များအတွက် ပြင်ဆင်ထားသော လျှို့ဝှက်အစီရင်ခံစာကို အခြေခံသည်။ ယင်းအစီရင်ခံစာတွင် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာ အုပ်စုပေါင်း (၇) စုတွင် ရိုဟင်ဂျာများ၏ နေအိမ်များ၊ လယ်ယာများ၊ ဗလီများနှင့် အခြားပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်းတို့ကို အသေးစိတ်ဖော်ပြထားသည်။ ထို့အပြင် ရိုဟင်ဂျာများ၏ ကာလကြာရှည်စွာတည်ရှိသည့် အမှတ်အသားအားလုံး ပျောက်ကွယ်စေရန်ရည်ရွယ်၍ ယင်းမြေယာများကို အသွင်ပြောင်းအသုံးချရာတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၊ စီးပွားရေးလုပ်ငန်းကြီးများ၊ ပြည်တွင်းကုမ္ပဏီများနှင့် အခြားသောအဖွဲ့အစည်းများကို ဖော်ထုတ်ထားသည်။

စိစစ်လေ့လာခဲ့သည့် ကျေးရွာအုပ်စုအားလုံးတွင် ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ရိုဟင်ဂျာများ ထွက်ပြေးသွားပြီးနောက်ပိုင်း ၎င်းတို့၏ နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို မြန်မာစစ်တပ်က ဖျက်ဆီးခဲ့သည်။ ထို့နောက် ဖျက်ဆီးခံထားရသည့် မြေနေရာများပေါ်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ (BGP) ၏ အခြေစိုက်စခန်းများကို ဆောက်လုပ်ခဲ့သည်။ ဥပမာအားဖြင့် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ ရိုဟင်ဂျာမိသားစုများ မျိုးရိုးစဉ်ဆက်အလိုက် နေထိုင်ခဲ့ကြသည့် မြို့သူကြီးကျေးရွာတွင် ၂၀၁၇ ခုနှစ် မတိုင်မီက အိမ်ခြေပေါင်း ၈၀၀ ကျော်၊ ဆိုင်များ၊ ဈေးများနှင့် ဗလီများရှိခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၈ ခုနှစ်ရောက်သည့်အခါ မြေဧကပေါင်း ၄၁၁ ဧကကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခင်ရိုဟင်ဂျာကျေးရွာများ တည်ရှိခဲ့သည့်နေရာတွင် BGP အခြေစိုက်စခန်းကြီး တစ်ခုကို တည်ဆောက်ခဲ့သည်။

## ယင်းတွေ့ရှိချက်များသည် ဘာကြောင့် အရေးကြီးသလဲ။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးအတွင်း ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို တာဝန်ခံမှုရှိစေရန် လုပ်ဆောင်ခြင်းသည် ဦးစားပေးဖြစ်သော်လည်း ရိုဟင်ဂျာများ ပြန်စရာနေအိမ်များမရှိစေရန် ရည်ရွယ်၍ ၎င်းတို့၏ မြေယာနှင့်အိုးအိမ်များကို တမင်တကာ ဖျက်ဆီးခဲ့သည့် လုပ်ရပ်များအတွက်လည်း တာဝန်ခံမှုရှိရမည်ဖြစ်သည်။ မြေယာနှင့် အိုးအိမ်များအတွက် ပြန်လည်ကုစားမှုပေးခြင်းသည် ရိုဟင်ဂျာလူမျိုးအတွက် တရားမျှတမှုရရှိရေးဆောင်ရွက်ရာတွင် အရေးပါသည့် အစိတ်အပိုင်းတရပ်ဖြစ်သည်။ ပြန်လည်ကုစားမှုသည် ရိုဟင်ဂျာများ၏ အခွင့်အရေးများကို ပြန်လည်တည်ထောင်ခြင်း၊ လူမှုဘဝများပြန်လည်တည်ဆောက်ခြင်းနှင့် ဂုဏ်သိက္ခာရှိစွာ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ခြင်းအတွက် မဖြစ်မနေ လိုအပ်သည်။

ယင်းအစီရင်ခံစာတွင် ရိုဟင်ဂျာလူမျိုးများ၏ ပိုင်ဆိုင်မှုများနှင့် မြေယာများ ဖျက်ဆီးခံရမှုကို စီးပွားရေးအရ တိုင်းတာနိုင်ကြောင်းကို ဖော်ပြထားသည့်အပြင်၊ ထိုသို့ဖျက်ဆီးမှုများမှ အကျိုးအမြတ်ရရှိခဲ့သည့် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်ထားသည်။ ဤအချက်အလက်များသည် လက်ရှိနှင့်အနာဂတ်တွင် တရားစွဲဆိုမှုများကို အထောက်အကူပြုမည့်အပြင် ပြန်လည်ကုစားမှုပေးခြင်းဆိုင်ရာ ကြိုးပမ်းမှုများအတွက် ဥပဒေဆိုင်ရာလမ်းကြောင်းအသစ်များ ဖွင့်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

## နည်းစနစ်ပိုင်းတွင် မည်သို့သောအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရလဲ။

ရိုဟင်ဂျာများသည် အစဉ်တစိုက် ခွဲခြားဆက်ဆံခံရခြင်း၊ အင်အားသုံး၍ နယ်မြေများမှ ဖယ်ရှားခံရခြင်းနှင့် ပိုင်ဆိုင်မှုမှတ်တမ်းများ ရရှိရန် ကန့်သတ်ခံရခြင်းများနှင့် ရင်ဆိုင်ရသည်။ ဤအစီရင်ခံစာသည် အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မျက်မြင်သက်သေထွက်ဆိုချက်များ၊ ဂြိုလ်တုပုံရိပ်များ၊ မီဒီယိုမှတ်တမ်းများနှင့် တရားဝင်မှတ်တမ်းမှတ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုထားသည်။

ကျေးရွာများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းနှင့် BGP အခြေစိုက်စခန်းများ ဆောက်လုပ်ခြင်းတို့ကြောင့် အဆောက်အဦးများ၊ ပိုင်ဆိုင်မှုမှတ်တမ်းများနှင့် အခြားသောအထောက်အထားများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အနာဂတ်တွင် ယင်းမြေနေရာများသို့ သွားရောက်ကာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရန် ပိုမိုခက်ခဲစေသည်။ ထို့ကြောင့် ယန္တရားသည် ဝေဟင်မှဓာတ်ပုံများ၊ မှုခင်းတည်နေရာ ဓာတ်ပုံများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထောက်အထားများနှင့် ပွင့်လင်းရင်းမြစ်အထောက်အထားများကဲ့သို့သော တန်ဖိုးရှိသည့် အထောက်အထားပုံစံမျိုးစုံကို စုဆောင်းလျက်ရှိသည်။

## ဤစုံစမ်းစစ်ဆေးမှုတွင် နည်းပညာများကို ဘယ်လိုအသုံးပြုခဲ့သလဲ။

ယန္တရားသည် အထူးမွမ်းမံထားသော ဒစ်ဂျစ်တယ်ကိရိယာများနှင့် လုပ်ငန်းစီးဆင်းမှုစနစ်များကို အသုံးပြုသောကြောင့် များပြားသော အထောက်အထားများကို လုံခြုံစွာ စုဆောင်းထိန်းသိမ်းနိုင်ပြီး၊ အချက်အလက်များကို အချိန်နှင့်တပြေးညီ စိစစ်သုံးသပ်နိုင်ကာ လုပ်ငန်းအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်ဆန်မှု၊ တိကျမှုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှုများ တိုးတက်ကာ ရှုပ်ထွေးပြီး ပမာဏကြီးမားသည့် စိစစ်သုံးသပ်ရေးလုပ်ငန်းများအတွက် စံနမူနာအသစ်တစ်ရပ် ချမှတ်နိုင်ခဲ့သည်။

## ဤအစီရင်ခံစာကို ဘယ်လိုအသုံးပြုမလဲ။

တရားရေးအာဏာပိုင်များထံ လျှို့ဝှက်အစီရင်ခံစာ အပြည့်အစုံကို မျှဝေမည်ဖြစ်သော်လည်း သက်သေများကို ကာကွယ်ရန်၊ အထောက်အထားများ၏ ခိုင်မာမှုကို ထိန်းသိမ်းရန်နှင့် ဆက်လက်လုပ်ဆောင်နေသော စုံစမ်းစစ်ဆေးမှုများအတွက် လျှို့ဝှက်ထားရန်လိုအပ်သည့်အချက်များကို ဖယ်ရှားပြီး အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ယန္တရားသည် ဤအစီရင်ခံစာအကျဉ်းချုပ်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်မှာ မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေးနှင့် ပြန်လည်ကုစားပေးမှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေသည့် အခြားအစုအဖွဲ့များကလည်း ဤစိစစ်သုံးသပ်ချက်ကို အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

## ပြန်လည်ကုစားမှုဆိုတာ ဘာလဲ။

ပြန်လည်ကုစားမှုဆိုသည်မှာ နိုင်ငံတကာလူ့အခွင့်အရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ဆိုးရွားစွာ ချိုးဖောက်မှုများမှ သက်သာစေရန် ဆောင်ရွက်ချက်များ ဖြစ်သည်။ ယင်းချိုးဖောက်မှုများကြောင့် နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများ ကြုံတွေ့ရသော ထိခိုက်မှုနှင့် ပြင်းထန်သည့် ရေရှည်အကျိုးသက်ရောက်မှုများမှ ပြန်လည်ထူထောင်နိုင်ရန် ကူညီပေးသည်။ ထို့အပြင် ချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှုကို အသိအမှတ်ပြုခြင်းအားဖြင့် တရားမျှတမှုကိုလည်း မြှင့်တင်ပေးသည်။

ပြန်လည်ကုစားမှုများကို တရားရုံးဆုံးဖြတ်ချက်များ၊ အမှန်တရားရှာဖွေရေး သို့မဟုတ် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ သို့မဟုတ် အစိုးရနှင့်နိုင်ငံတကာ အစီအစဉ်များမှတဆင့် ပေးအပ်နိုင်သည်။ ထိခိုက်နစ်နာစေမှုအတွက် တာဝန်ရှိကြောင်း တွေ့ရှိသူ လူတစ်ဦးချင်းကဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများကဖြစ်စေ၊ နိုင်ငံများကဖြစ်စေ ပြန်လည်ကုစားမှုကို ဆောင်ရွက်ပေးသင့်သည်။

နိုင်ငံတကာဥပဒေအရ၊ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာသူများသည် ၎င်းတို့ ခံစားခဲ့ရသည့် ထိခိုက်မှုပမာဏကို ထင်ဟပ်စေသည့် ပြည့်ဝထိရောက်သော ပြန်လည်ကုစားမှုများကို ရရှိပိုင်ခွင့်ရှိသည်။ ပြန်လည်ကုစားမှု ပုံစံ (၅) မျိုးရှိသည်။ ယင်းတို့မှာ မူလအခြေအနေအတိုင်း ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်မှုရရှိစေခြင်းနှင့် ထပ်မံဖြစ်ပွားမှုမရှိအောင် အာမခံပေးခြင်းတို့ ဖြစ်သည်။ ထိုသို့ ပြန်လည်ကုစားရာတွင် နေအိမ်မီးရှို့ဖျက်ဆီးခံရမှုအတွက် အိမ်အသစ်တစ်လုံးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ပညာရေးထောက်ပံ့မှုများ ပေးအပ်ခြင်း၊ လယ်ယာမြေများ ပျက်စီးခြင်းအတွက် လျော်ကြေးငွေ ပေးအပ်ခြင်း၊ တာဝန်ရှိသူများက တရားဝင်တောင်းပန်ခြင်း၊ သို့မဟုတ် သေဆုံးသူများအတွက် အထိမ်းအမှတ်များ သတ်မှတ်ခြင်း၊ အနာဂတ်တွင် နောက်ထပ်ကျူးလွန်မှုများ မဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများလုပ်ခြင်းတို့ ပါဝင်နိုင်သည်။

ထိုသို့ ပြန်လည်ကုစားမှုသည် ထိခိုက်နစ်နာသူများ၏ ဆုံးရှုံးမှုနှင့် ခံစားရမှုများကို တားဆီးနိုင်ခြင်းမရှိသော်လည်း၊ ဂုဏ်သိက္ခာပြန်လည်ရရှိရေး၊ လူမှုဘဝများပြန်လည်တည်ဆောက်ရေး၊ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်မှု အားကောင်းလာစေရေးအတွက် အရေးပါသော အဆင့်တစ်ခုဖြစ်သည်။

## လူသားချင်းစာနာထောက်ထားမှုအကူအညီကို ငြင်းပယ်ခြင်းသည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု မြောက်ပါသလား။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ငြင်းပယ်ခြင်းဆိုသည်မှာ အစားအသောက်၊ ရေ၊ ဆေးဝါးကဲ့သို့သော ကယ်ဆယ်ရေးပစ္စည်းများ သို့မဟုတ် ယင်းပစ္စည်းများ ပို့ဆောင်ပေးနေသူများကို ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်တားဆီးခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းကို ဆိုလိုသည်။

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေအရ၊ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့အားလုံးသည် အရပ်သားများအား ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုမပြုဘဲ ပေးပို့သည့်အကူအညီများကို လျင်မြန်စွာနှင့် ဘေးကင်းစွာ လက်ခံခွင့်ပြုရမည် ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များသည် ကူညီပံ့ပိုးသည့်နည်းလမ်းများ (ဥပမာ- ပို့ဆောင်ရေးလမ်းကြောင်းများ ညှိနှိုင်းခြင်း) ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ခွင့်ရှိနိုင်သော်လည်း၊ ယင်းကူညီပံ့ပိုးမှုများကို ပိတ်ပင်တားဆီးခြင်း သို့မဟုတ် ကန့်သတ်ခြင်း ပြုလုပ်ခွင့်မရှိပါ။။

ထို့အပြင်၊ နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း လူသားချင်းစာနာထောက်ထားရေးဝန်ထမ်းများအား ၎င်းတို့၏ တာဝန်များကို လွတ်လပ်စွာနှင့် ဘေးကင်းစွာ ဆောင်ရွက်ခွင့်ပြုရမည်ဖြစ်သည်။ ကန့်သတ်မှုများသည် ယာယီသာဖြစ်ရမည်၊ အချိန်သတ်မှတ်ချက်လည်းရှိရမည့်အပြင် စစ်ရေးဆိုင်ရာ အရေးပေါ်အကြောင်းရင်းများ အတွက်ဖြစ်မှသာ တရားဝင်သည်။

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးပို့ခြင်းကို ရည်ရွယ်ချက်ရှိရှိ ဟန့်တားခြင်း သို့မဟုတ် ကူညီပံ့ပိုးရေးဝန်ထမ်းများနှင့် ယာဉ်များကို တိုက်ခိုက်ခြင်းကို စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ နိုင်ငံတကာရာဇဝတ်မှု ဥပဒေအရ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို ဟန့်တားခြင်း သို့မဟုတ် အရပ်သားများအား အစာပြတ်လပ်စေရန် ကယ်ဆယ်ရေးပစ္စည်းများကို တိုက်ခိုက်ခြင်းသည် ငတ်မွတ်စေခြင်းဖြင့် ကျူးလွန်သော စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံရနိုင်သည်။